This project is funded by the European Union

# ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ နီးနှောဖလှယ်လေ့လာရေးခရီးစဉ်

ရန်ကုန်၊ ဇူလိုင်လ ၂၇ ရက်၊ နေ့လည် ၁ နာရီ

**SMART Myanmar စီမံကိန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွင်းရှိ အထည်ချုပ်စက်ရုံလုပ်သားများ၏ နေ့စဉ် လုပ်ငန်းခွင်အခြေအနေများ ကြည့်ရှုလေ့လာခြင်းနှင့် နှစ်နိုင်ငံအတွင်းနီးနှောဖလှယ်ရေးခရီးစဉ်ကြေငြာချက်**

မြန်မာ့အထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA) ၏မိတ်ဖက် အဖွဲ့အစည်းဖြစ်ပြီး ဥရောပသမဂ္ဂမှထောက်ပံ့ပေးထားသော စမတ်မြန်မာ (SMART Myanmar) စီမံကိန်းနှင့် ပြည်တွင်းအထည်ချုပ်လုပ်ငန်းများမှ အမျိုးသမီးများ၏ လူမှုအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်နေသော "သုံးပန်လှ" အဖွဲ့အစည်းတို့သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါရ်ကာမြို့တွင် အထည်ချုပ်လုပ်သား အမျိုးသမီးများ၏ လူမှုဘဝနှင့် လုပ်ငန်းခွင်ဆိုင်ရာအခြေအနေများလေ့လာရေးခရီးစဉ်မှ ယနေ့ရန်ကုန်မြို့သို့ပြန်လည်ရောက်ရှိလာပါသည်။ လေ့လာရေးခရီးစဉ်ကို C&A Foundation အဖွဲ့အစည်းမှ ထောက်ပံ့ကူညီပေးထားပါသည်။

ခရီးစဉ်၏အဓိကရည်ရွယ်ချက်မှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွင်းဖွင့်လှစ်ထားသော Women Café ခေါ်အမျိုးသမီးဂေဟာများမှ အထည်ချုပ်လုပ်သား အမျိုးသမီးများအတွက် လူမှုဘဝနှင့် လုပ်ငန်းခွင်ဆိုင်ရာအသိပညာအတတ်ပညာများဖွံ့ဖြိုးလာစေရန် သင်တန်းပို့ချလမ်းညွှန်ပေးပုံများကို လေ့လာသွားရန်နှင့် လေ့လာတွေ့ရှိခဲ့သော ဗဟုသုတများနှင့်အတွေ့အကြုံများကို မြန်မာနိုင်ငံတွင် SMART Myanmar ၏ အစီအစဉ်ဖြင့် "သုံးပန်လှ" အဖွဲ့မှထပ်မံဖွင့်လှစ်မည့် Sunday Café များတွင်လက်တွေ့ပြန်လည်အသုံးချနိုင်စေရေး မျှဝေပေးသွားရန်ရည်ရွယ်ပါသည်။

ခရီးစဉ်သည် ဇူလိုင်လ ၂၃ ရက်နေ့ မှ ၂၇ ရက်နေ့ ထိကြာမြင့်ခဲ့ပြီး SMART Myanmar အဖွဲ့အစည်းမှစီမံကိန်းမန်နေဂျာ "မစုတာရာလင်း" ဦးဆောင်သည့်အဖွဲ့ဝင် (၃) ဦး၊ Businesskind Myanmar အဖွဲ့မှ ညွှန်ကြားရေးမှူး "မသက္ကနာကို" နှင့်အဖွဲ့ဝင် (၂) ဦးနှင့်အတူ သုံးပန်လှအသင်းဝင် အထည်ချုပ်လုပ်သား (၂) ဦးလိုက်ပါပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွင်းရှိ အမျိုးသမီးစင်တာနှင့်ဂေဟာ (၃) ခု၌ ၄င်းတို့၏ နေ့စဉ်လှုပ်ရှားဆောင်ရွက်မှုများနှင့် ပညာပေးအစီအစဉ်များကို လေ့လာခွင့်ရခဲ့ပါသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါရ်ကာမြို့တွင် Women Café ခြောက်ခုကျော် ဖွင့်လှစ်ဆောင်ရွက်နေသော Awaj Foundation အဖွဲ့အစည်းမှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံခွင့်ရရှိခဲ့ပြီး ၎င်းအဖွဲ့အစည်း၏ ဦးဆောင်မှုဖြင့် အမျိုးသမီးဂေဟာများ၏ ဖွဲ့စည်းပုံများ၊ ဥပဒေရေးရာ အကြံပြုဆွေးနွေးပေးပုံများ၊ ကျန်းမာရေးနှင့်သက်ဆိုင်သောဗဟုသုတများဖြန့်ဝေပေးပုံနှင့် အထောက်အပံ့ပေးသောအဖွဲ့အစည်းများ၏ လုပ်ငန်းလည်ပတ်ပုံများကို လေ့လာခွင့်ရရှိခဲ့ သည့်အပြင် Gazipur အနီးရှိ အထည်ချုပ်စက်ရုံတစ်ခုမှ ကုန်ထုတ်လုပ်ငန်းတစ်ခုကိုလည်း

သွားရောက်လည်ပတ်ခဲ့သည်။ ထို့အပြင် SMART Myanmar အဖွဲ့သားများမှ GIZ စီမံကိန်းမှ ဘင်္ဂလားဒေ့ရှ် နိုင်ငံအတွင်း လူမှုနှင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဖွံ့ဖြိုးရေးစံနှုန်းများကိုမြှင့်တင်ပေးနေသော PSES သင်တန်း များပို့ချပေးနေသည့်ကိုယ်စားလှယ်များနှင့်အပြင် အထည်ချုပ်လုပ်ငန်းများမှ သက်ဆိုင်ရာကိုယ်စားလှယ် အသီးသီးနှင့်လည်း တွေ့ဆုံဆွေးနွေးခွင့်များရခဲ့ပါသည်။ ထိုရရှိခဲ့သည့် အတွေ့အကြုံများကို မြန်မာနိုင်ငံအတွင်း ထပ်မံဖွင့်လှစ်သွားမည့် အမျိုးသမီးစင်တာနှင့် ဂေဟာများတွင် လက်တွေ့ကျကျ ပြန်လည်အသုံးချသွားနိုင်ရန် မျှော်လင့်ပါသည်။

*******

**မြန်မာ့အထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA) ၏ အထွေထွေအတွင်းရေးမှူး "ဒေါ်ခိုင်ခိုင်နွယ်"** မှပြောကြား သွားရာတွင် "ကျွန်မတို့ MGMA အနေဖြင့် SMART Myanmar အဖွဲ့နှင့်အတူ ယခုလေ့လာရေးခရီးကို ပူးပေါင်း ပါဝင်ဦးဆောင်ခွင့်ရခြင်းအတွက် အင်မတန် အားရကျေနပ်မိပါတယ်။ ယခုအချိန် ကလည်း "သုံးပန်လှ" အဖွဲ့အစည်း၏ ဒုတိယခြေလှမ်းဖြစ်သည့် Sunday Café အမျိုးသမီး စင်တာ ထပ်မံဖွင့်လှစ်ရန် ပြင်ဆင်နေချိန် လည်း ဖြစ်နေပါတယ်။ MGMA အသင်းအနေဖြင့်လည်း ယခုနှစ်အတွင်း ဖွင့်လှစ်သွားမည့် အမျိုးသမီး စင်တာကို ပိုမိုကောင်းမွန်တဲ့ ပံ့ပိုးမှုများနှင့် ပံ့ပိုးပေးသွားဖို့ ရည်ရွယ်ထားပါတယ်၊ "သုံးပန်လှ" အဖွဲ့အစည်း၏အမျိုးသမီး စင်တာများ မှတဆင့် အထည်ချုပ်လုပ်သား အမျိုးသမီးလေးများရဲ့ နေ့စဉ်ဘဝနှင့် အသိပညာများ ဖွံ့ဖြိုး တိုးတက်လာစေဖို့လည်း မျှော်မှန်းပါတယ်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ရရှိခဲ့သော အကျိုးရှိမည့် အတွေ့အကြုံ ဗဟုသုတများကို စနစ်တကျထည့်သွင်းအသုံးပြုသွားနိုင်မယ်လို့ မျှော်လင့်ပါတယ်"

**Jill Tucker (C&A Foundation)** မှလည်း "ကျွန်မတို့အဖွဲ့အစည်းအနေဖြင့် ယခုလို ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ Awaj အဖွဲ့အစည်းနှင့် မြန်မာနိုင်ငံမှ "သုံးပန်လှ" အဖွဲ့တို့ကိုတွေ့ဆုံခွင့်ပေးပြီး အမျိုးသမီးများ၏အခွင့်အရေး များပိုမိုရရှိလာစေရန် ကူညီပံ့ပိုးပေးခွင့်ရသည့်အတွက် များစွာဝမ်းမြောက်ဂုဏ်ယူမိပါတယ်။ "သုံးပန်လှ" အဖွဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့လာရောက်လည်ပတ်ပြီးတဲ့နောက် Awaj အဖွဲ့ကိုလည်းမြန်မာနိုင်ငံသို့လာရောက်ရန် ဖိတ်ခေါ်သွားပါမယ်။ အနာဂါတ်မှာလည်း အဖွဲ့များအချင်းချင်း ချိတ်ဆက်ပြီး ဆက်လက်လက်တွဲလုပ်ကိုင်သွား နိုင်ဖို့ရည်ရွယ်ပါတယ်"

**သုံးပန်လှအဖွဲ့ ဦးဆောင်ညွှန်ကြားရေးမှူး "မသဥ္ဇာကို"** မှလည်း "ယခုသွားရောက်ခွင့်ရရှိခဲ့သော လေ့လာရေး ခရီးစဉ်မှ "သုံးပန်လှ" အဖွဲ့အနေဖြင့် လက်ရှိဖွင့်လှစ်ထားပြီးသော "Sunday cafe" အတွက် ပိုမို ကောင်းမွန်စေသော နည်းလမ်းများရရှိစေသည့်အပြင် အသစ်ထပ်မံဖွင့်လှစ်မည့် ဂေဟာအတွက်လည်း တန်ဖိုးရှိသော အကြံဉာဏ်သစ်များ ရရှိစေပါတယ်။ အနာဂါတ်တွင်လည်း အထည်ချုပ်စက်ရုံ လုပ်ငန်းခွင် အမျိုးသမီးများ၏ စွမ်းဆောင်ရည်ပြည့်ဝပြီး ကျန်းမာပျော်ရွှင်တဲ့ ဘဝများရရှိပိုင်ဆိုင်လာနိုင်စေရေး၊ လုံခြုံစိတ်ချရပြီး လုပ်ငန်းခွင်အန္တရာယ် ကင်းရှင်းစေရေး စသည့်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များကို MGMA နှင့် SMART Myanmar အဖွဲ့တို့နှင့်ပူးပေါင်းပြီး အတူလက်တွဲလုပ်ဆောင်သွားရန် ရည်ရွယ်ပါတယ်"

မြန်မာပြည်တွင်းသို့ဆက်သွယ်ရန်၊

မစုတာရာလင်း (စီမံကိန်းမန်နေဂျာ၊ စမတ်မြန်မာ) (+95 (09) 515 – 8286 or su@smartmyanmar.org)

မသန္တာကို (ဦးဆောင်ညွှန်ကြားရေးမှူး၊ သုံးပန်လှ) (+95 97321 4887 or thandarko.bkm@gmail.com)

Jacob A. Clere, Team Leader, SMART Myanmar: jacob.clere@smartmyanmar.org

**အဖွဲ့အစည်းနောက်ခံသမိုင်းကြောင်း**

“**သုံးပန်လှ**” အဖွဲ့သည် လူမှုလုပ်ငန်းများပြုလုပ်ရန် မှတ်ပုံတင်ထားသော ပြည်တွင်းအခြေစိုက်အဖွဲ့အစည်းတစ်ခုဖြစ်ပြီး အထည်ချုပ်လုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်နေသော အမျိုးသမီးများဖွံ့ဖြိုးတိုးတက်စေရန် Sunday Café ခေါ် တနင်္ဂနွေကဖေးအမည်ဖြင့် အမျိုးသမီးဂေဟာကို ၂၀၁၃ ခုနှစ် ဩဂုတ်လတွင် ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်တွင် စတင်တည်ထောင်ခဲ့ပြီး သင်တန်းများပို့ချပေးခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများ စီစဉ်ပေးခြင်းဖြင့် အမျိုးသမီးများ၏ လူမှုဘဝမြင့်မားစေရန်လည်း ကူညီပေးနေသည်။ ဂေဟာဖွင့်လှစ်ခဲ့သည့် နှစ်နှစ်တာကာလအတွင်းတွင် အပတ်စဉ် တနင်္ဂနွေနေ့တိုင်း အထည်ချုပ်လုပ်သား ၁၅၀၀ ကို ကိုယ်စားပြုသော အသင်းဝင်ခေါင်းဆောင် အယောက် ၅၀ မှ လာရောက်ပူးပေါင်းပြီး လုပ်ငန်းခွင်ဆိုင်ရာ အခြေအနေများနှင့် အခက်အခဲများကို အချင်းချင်းတင်ပြဆွေးနွေးခဲ့ ကြပါသည်။

**SMART Myanmar** (www.smartmyanmar.org) စီမံကိန်းသည် မြန်မာ့အထည်ချုပ်လုပ်ငန်းရှင်များ အသင်း (MGMA) ၏ မိတ်ဖက်အဖွဲ့အစည်းဖြစ်ပြီး ဥရောပသမဂ္ဂ၏ ငွေကြေးရံပုံငွေဖြင့် မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းများ၏ ထုတ်လုပ်မှုနှင့် ပို့ကုန်ကဏ္ဍတစ်ရပ်လုံးတွင် အပြည်ပြည်ဆိုင်ရာ လူမှုနှင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကျင့်ထုံးစံနှုန်းများနှင့်အညီ ဖွံ့ဖြိုးတိုးတက်စေရန် ကျွမ်းကျင်ပညာရှင်များဖွဲ့စည်းပြီး အမျိုးသမီးများကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေး၊ အလုပ်သမားအခွင့်အရေးဆိုင်ရာ ဥပဒေအကြံပြုချက်များ၊ ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းစေရေး စသည့်ပညာပေးအစီအစဉ်များပါဝင်သည့် သင်တန်းများနှင့် အလုပ်ရုံဆွေးနွေးပွဲများကို ၂၀၁၃ ခုနှစ်မှ စတင်လုပ်ဆောင်လာခဲ့သည်မှာ သုံးနှစ်တိုင်တိုင်ရှိခဲ့ပါပြီ။

**လေ့လာရေးခရီးစဉ်၏ အဓိကရည်ရွယ်ချက်များမှာ -**

- အထည်ချုပ်လုပ်ငန်းခွင် အမျိုးသမီးများ၏နေ့စဉ်ဘဝ ဖွံ့ဖြိုးတိုးတက်ရေးကိုရည်ရွယ်သည့် အမျိုးသမီးများဖွံ့ဖြိုးရေးစင်တာနှင့်ဂေဟာများကောင်းမွန်စွာလည်ပတ်စေရန်နှင့် အသိပညာဗဟုသုတများတိုးတက်ဖွံ့ဖြိုးလာစေရန်၊
- ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ သွားရောက်လေ့လာခြင်းဖြင့် အတွေးအခေါ်နှင့် အကြံဉာဏ်သစ်များပေါ်ထွက်လာစေရန်၊
- ရေရှည်တွင် ရရှိလာသည့် အတွေးအခေါ်နှင့် အကြံဉာဏ်သစ်များကို နှစ်နိုင်ငံအဖွဲ့အစည်းများအတွင်း အပြန်အလှန် နီးနှောဖလှယ်သွားနိုင်ရန်၊

- အမျိုးသမီးထုဖွံ့ဖြိုးရေးလုပ်ဆောင်နေသော အဖွဲ့အစည်းများအနေဖြင့် မိမိတို့အဖွဲ့အစည်းရေရှည် ရပ်တည်နိုင်ရန်နှင့် ပြင်ပအကူအညီများမှ ကင်းလွတ်စေနိုင်မည့် ပိုမိုကောင်းမွန်သည့် အတွေးအခေါ်များ ပေါ်ထွက်လာစေရန်၊

**အဖွဲ့အစည်းများ၏ သတင်းအချက်အလက်များပိုမိုသိရှိနိုင်စေရန်-**

စမတ်မြန်မာ (SMART Myanmar) အင်တာနက်လိပ်စာ- http://www.smartmyanmar.org/
မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း(MGMA) အင်တာနက်လိပ်စာ-
www.myanmargarments.org
သုံးပန်လှ အင်တာနက်လိပ်စာ: www.businesskind.org/other-social-businesses/#thone-pan-hla

**ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ စေလွှတ်မည့်ကိုယ်စားလှယ်များစာရင်း**

| စဉ် | အမည် | ရာထူး | အဖွဲ့အစည်း |
|---|---|---|---|
| ၁။ | စုတာရာလင်း | စီမံကိန်းမန်နေဂျာ | (SMART Myanmar) |
| ၂။ | မေမီကျော် | လူမှုအခြေပြု လေးစားလိုက်နာရေး ကျွမ်းကျင်ပညာရှင် | (SMART Myanmar) |
| ၃။ | ဇာခြည်ဦး | စီမံကိန်းတာဝန်ခံ | (SMART Myanmar) |
| ၄။ | သဉ္ဇာကို | ဦးဆောင်ညွှန်ကြားရေးမှူး | သုံးပန်လှ |
| ၅။ | နှင်းမာလာမြင့် | Sunday Café မန်နေဂျာ | သုံးပန်လှ |
| ၆။ | အေးချိုခိုင် | Sunday Café အသင်းဝင် ၊ အထည်ချုပ် လုပ်သား | သုံးပန်လှ |
| 7. | ခင်သူဇာခိုင် | Sunday Café အသင်းဝင် ၊ အထည်ချုပ် လုပ်သား | သုံးပန်လှ |